

ပင်းမြစ်သူရ
ဆားပုလင်းမင်းအောင်
နှင့်
နေမင်း၏သမီးတော်
ဒုတိယအကြိမ်

## နတ်သမီးနဲ့ တွေ့ချင်သူတစ်ဦး

ဒုတိယကမ္ဘာစစ် မဖြစ်မီက လက်ပံတန်းဘူတာရုံ၏ အရှေ့ဘက်တွင် ရွှေအိုး ဆိုသော ထမင်းဆိုင်ကြီးတစ်ဆိုင် ရှိခဲ့ဖူးပါသည်။ ထမင်းဆိုင်ပိုင်ရှင်မှာ မောင်ပညာဆိုသော လူငယ်တစ်ဦးဖြစ်၏။ မောင်ပညာသည် လက်ပံတန်းဘူတာရုံတွင် ဆီထမင်းရောင်းချခြင်းနှင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပြီး အရွယ်ရောက်လာသောအခါ သစ်သားဗန်းကြီး တစ်ခုတည်းတွင် ထမင်းဟင်းများကိုထည့်၍ မီးရထားစီး ခရီးသည်များအား လိုက်လံရောင်းချရာမှ စီးပွားဖြစ်ခဲ့ပြီး အသက် (၂၅) နှစ်အရွယ်တွင် ဘူတာရုံရှေ့၌ ထမင်းဆိုင်ကြီး တစ်ဆိုင်ကိုပင် ပိုင်ဆိုင်ခဲ့ပေပြီ။

မောင်ပညာ၏ ထမင်းဆိုင်သည် သန့်ရှင်းသပ်ရပ်ခြင်း၊ ဖော်ရွေမှုရှိခြင်း၊ ထမင်းဟင်းများ အချက်အပြုတ်ကောင်းမွန်ခြင်းစသည့် အရည်အချင်းများကြောင့် နေ့စဉ် စားသောက်သူများနှင့် စည်ကား၍ နေလေ့ရှိ၏။ မောင်ပညာသည် စားသောက်သူများ အများအပြား စားသုံးလေ့ ရှိသည့် နေ့လည်ခင်း အချိန်နှင့် မီးရထားဆိုက်ချိန်များတွင် ဆိုင်ရှေ့သို့ထွက်၍ ဖော်ရွေစွာ ကြိုဆိုလေ့ရှိ၏။ ထို့အပြင် ထမင်းဝိုင်းများသို့လည်း မျက်ခြည်မပြတ်ကြည့်ရှု၍ ငါးပိရည် တို့စရာများ၊ လိုက်ပွဲများ စုံစုံလင်လင် ချထားခြင်းရှိမရှိ စစ်ဆေးနေလေ့ရှိ၏။ ထမင်းစားပြီးသော ခရီးသည်များကိုလည်း ရေနွေးကြမ်းနှင့် ထန်းလျက်ခဲ စသည့် မုန့်ပဲသားရေစာများနှင့် အခမဲ့ညှော်ခံသေး၏။ ထို့ကြောင့် မောင်ပညာ၏ “ ရွှေအိုး ” ထမင်းဆိုင်သည် လူအများနှင့် စည်ကားနေခြင်း ဖြစ်တန်ရာ၏။

မောင်ပညာ၏ ထမင်းဆိုင်တွင် အချက်အပြုတ်တာဝန်ယူသူမှာ လွှန်စွာစိတ်တိုတတ်သော လူပုကလေးတစ်ဦးဖြစ်၏။ တစ်နေ့သ၌ မောင်ပညာသည် ရာဝင်အိုးကြီးထဲတွင် သိုမှီထားသော ပဲဆီများကို ကြည့်၍ .....

“ ဆီဝယ်ထားတာ ရက်ပိုင်းပဲ ရှိသေးတယ်၊ တော်တော်လျော့နေပါလား၊

ဟင်းတွေချက်တဲ့အခါ ဆီတွေကို ရေလိုသုံးနေလားမသိဘူး ”

ဟု ပွစိပွစိ ရေရွတ်နေလေရာ လွန်စွာ စိတ်တိုတတ်သော လူပုကလေးက .....

“ ဒီမှာ မောင်ပညာ၊ ဟင်းကောင်းကောင်း ချက်ချင်ရင်တော့ ဆီများများ သုံးရတယ်၊ ဆီမပါရင် ဟင်းမကောင်းဘူး၊ ဟင်းမကောင်းရင် ခင်ဗျားဆိုင်မှာ စားတဲ့သူ ရှိမှာမဟုတ်ဘူး၊ စားတဲ့သူ မရှိရင် ခင်ဗျားဆိုင် ပြုတ်သွားမယ်၊ ခင်ဗျားဆိုင်ပြုတ်သွားရင် လမ်းဘေးမှာ ဆီထမင်းပြန်ရောင်းရမယ်၊ ဆီထမင်း ပြန်ရောင်းရင်တော့ ခင်ဗျားကို ကြိုက်တဲ့သူ ရှိမှာမဟုတ်တော့ဘူး၊ ကြိုက်တဲ့သူမရှိရင် ခင်ဗျား တစ်သက်လုံး မိန်းမရတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျား မိန်းမရဖို့ ကျုပ်က ဆီများများ သုံးပေးရတာ ပါ”

ဟု မခန့်လေးစား ပြန်ပြောလိုက်ရာ မောင်ပညာသည် လွန်စွာစိတ်တိုသွားပြီး လူပုလေးအား အပြစ်ရှာရန် ထင်းများကို သိုမှီးထားသော နေရာသို့ သွားရောက်ကြည့်ရှု၍ ......

“ ထင်းတွေလည်း တော်တော်လျော့နေပါလား၊ မလိုအပ်ဘဲ ထင်းတွေကို အများကြီးသုံးတယ်နဲ့ တူတယ် ”

ဟု အပြစ်တင်လေရာ လူပုလေးက ....

“ ဒီမှာ ကိုပညာ၊ ဟင်းတွေ နူးနပ်ချင်ရင်တော့ ထင်းများများသုံးရတယ်၊ ထင်းများများ မသုံးရင် ဟင်းတွေမနူးနိုင်ဘူး၊ မာတောင်ပြီးနေလိမ့်မယ်၊ မာတောင်ပြီးနေရင် စားတဲ့သူတွေက ခင်ဗျားဆိုင်ကိုအပြစ်တင်သွားကြလိမ့်မယ်၊ အဲဒါဆိုရင်ခင်ဗျားဆိုင်ပြုတ်သွားမယ်၊ ခင်ဗျားဆိုင်ပြုတ်သွားရင် လမ်းဘေးမှာ ဆီထမင်းရောင်းရလိမ့်မယ်၊ ဆီထမင်း ရောင်းရင်တော့ တစ်သက်လုံး မိန်းမရဖို့ လမ်းမမြင်ဘူး၊ ”

ဟု ပြန်ပြောလေရာ မောင်ပညာသည် ရှူးရှူးရှားရှား ဖြစ်သွားပြီး .....

“ ဟော့လူ ..... မဟုတ်တာတွေ လာပြောမနေနဲ့၊ ဒီနေ့က စပြီး ဆီ နဲ့ ထင်းကို ချွေချွေတာတာ သုံးပါ၊ မသုံးနိုင်ရင်တော့ ကျုပ်ဆိုင်က ကျောင်းဖို့သာ ပြင်ပေတော့ ”

ဟု လူပုလေးကို ရာဇသံ ပေးလိုက်လေ၏ ။ ထိုအခါ လူပုလေးသည် မောင်ပညာ၏ နောက်ကျောကို ကြည့်၍ လွန်စွာ စိတ်တို ကျန်ရစ်ခဲ့ပြီး .....

“ ဒီနေ့ကစပြီး ဆီတွေ အများကြီး သုံးမယ်၊ ထင်းတွေလည်း အများကြီးသုံးမယ်၊ ကုန်ချင်သလောက် ကုန်စမ်း၊ လုံးဝဂရုမစိုက်ဘူး၊ ”

ဟု ဆိုကာ ဘဲသားဟင်းချက်မည့် အိုးကြီးထဲသို့ ဆီများစွာ ထည့်လေ၏ ။ ထင်းများကို အသင့်ပြင်ဆင်ပြီး ဘဲသားအိုးကို တည်လေ၏ ။

ထို့နောက် စားပွဲထိုးများဘက်သို့ လှည့်၍

“ ဟော့ကောင်တွေ ငါ ဆိုင်နောက်မှာ တစ်ရေးတစ်မော အိပ်လိုက်ဦးမယ်၊ ဘယ်ကောင်မှ လာမနှိုးနဲ့၊ နှိုးတဲ့ကောင် ငါ နဲ့ အတွေ့ပဲ ”

ဟု ကြိမ်းမောင်းကာ ဆိုင်နောက်တွင် ဝင်၍ အိပ်စက်လေတော့၏ ။ အမှန်မှာ လူပုလေးသည် မောင်ပညာကို စိတ်ကောက်၍ ဘဲသားအိုးကို မကြည့်တော့ဘဲ ဖိုပေါ်တွင်တင်၍ အိပ်စက်ခြင်းဖြစ်၏ ။ ထို့ကြောင့် ညနေစောင်းသည်အထိ စားပွဲထိုး လူငယ်လေးများသည် လူပုလေးအား မနှိုးဝံ့ဘဲ ဘဲသားအိုးကို ထိုင်ကြည့်နေရလေ၏ ။ လူပုလေး အိပ်ရာမှ နိုးသောအခါ ဆီများနိုင်းချင်း ထည့်ထားသော ဘဲသားဟင်းသည် နူးချင်တိုင်းနူး၍ အိချင်တိုင်းအိကာ ဆီများရွှဲနစ်၍ စားချင်စဖွယ် ဖြစ်နေလေ၏ ။ ထိုအခါမှပင် လူပုလေးက ဘဲသားအိုးကို ကြက်သွန်ဥများထည့်၍ ဖိုပေါ်မှ ချလေ၏ ။ ထိုနေ့ ညနေစာကို သာရဝေါဘက်မှ ကူးလာသော အရေးပိုင်ကြီးသည် ဘဲသားဟင်း လာချသည်နှင့် ဇွန်းကိုယူ၍ မြည်းစမ်းကြည့်လေ၏ ။

ထို့နောက် ဘဲသားဖတ်များကို ဖဲ့၍ မြည်းပြန်၏ ။ ပြီးနောက် .....

“ ကောင်းလိုက်တဲ့ ဘဲသားဟင်းပါလား၊ စားကြည့်စမ်းကွာ၊ အရသာ အတော်ထူးတာပဲ ”

ဟု ဆိုကာ သူ၏ တပည့်တပန်းများကို ပြောဆို၍ မြည်းစမ်းကြည့်စေရာ အားလုံးကပင် ဘဲသားဟင်း အလွန်ကောင်းကြောင်း ပြောဆိုလေ၏ ။ အရေးပိုင်ကြီးသည် ထိုမျှနှင့်မကျေနပ်နိုင်သေးဘဲ ထမင်းဆိုင်ရှင် မောင်ပညာထံသို့ ကိုယ်တိုင်သွားရောက်၍ .....

“ ခင်ဗျားတို့ဆိုင်က ဘဲသားဟင်းက အလွန်ကောင်းတာပဲ၊ ကျုပ်တစ်သက်မှာ ဒီလောက်ကောင်းတဲ့ ဟင်းချက်လက်ရာမျိုးမစားဖူးဘူး၊ ဒီဟင်းကို ဘယ်သူချက်တာလဲ ”

ဟု မေးမြန်းလေရာ မောင်ပညာက လူပုလေးကို ခေါ်ယူပေးရလေ၏ ။ အရေးပိုင်ကြီးသည် လူပုလေးကို အားပါးတရ ချီးမွမ်းလေတော့၏ ။ အမှန်မှာ လူပုလေးသည် မောင်ပညာကို စိတ်တို၍ ဘဲသားဟင်းထဲသို့ ဆီများစွာထည့်ကာ ဟင်းအိုးကို စောင့်မကြည့်ဘဲ ဆိုင်နောက်သို့ဝင်၍ အိပ်စက်ခဲ့ခြင်းကြောင့် ဘဲသားဟင်းသည် နူးချင်တိုင်းနူး၊ အိချင်တိုင်းအိကာ ဆီများစိုရွှဲ၍ စားချင်စဖွယ် အရသာထူးနေခြင်းပင် ဖြစ်၏ ။

အရေးပိုင်နှင့် အဖွဲ့ ပြန်သွားသောအခါ မောင်ပညာသည် လူပုလေး၏ ဘဲသားဆီပြန်ဟင်းကို မြည်စမ်းကြည့်ရာ အရသာ အလွန်ထူးကြောင်း တွေ့ရလေ၏ ။ ထိုနေ့မှစ၍ လူပုလေးအား ဘဲသားဟင်းကို ထိုနည်းအတိုင်း ချက်ပါရန် တောင်းပန်ရလေ၏ ။

ဤသို့ဖြင့် မောင်ပညာ၏ ထမင်းဆိုင်တွင် ဘဲသားဟင်း အလွန်ကောင်းကြောင်း နာမည်သတင်း ကြီးခဲ့လေ၏ ။

တစ်ညသ၌ မောင်ပညာသည် ထမင်းဆိုင်သိမ်းချိန်ရောက်၍ တစ်နေကုန် ရောင်းရသော ငွေများကို ယူဆောင်၍ အိမ်သို့ ပြန်ခဲ့လေ၏ ။

မောင်ပညာ၏ အိမ်သည် ဘူတာနှင့် မလှမ်းမကမ်းတွင် ရှိနေ၏။

အိမ်သို့ ရောက်သောအခါ အောက်လင်းမီးအိမ်ကြီးကို ထွန်းညှိ၍ တစ်နေကုန် ရောင်းရငွေများကို ရေတွက်လေ၏။ ထိုသို့ ရေတွက်ရင်း စာရွက်ကြီးတစ်ရွက်နှင့် မနက်ဖြန် ဝယ်ရမည့်ဈေးစာရင်းကို ပြုစုလေ၏။ ထိုစဉ် ပိုက်ဆံအိတ်ထဲမှ အနီရောင် စက္ကူတစ်ရွက်ကို တွေ့လိုက်ရ၏။ မောင်ပညာသည် အနီရောင်စက္ကူကို ကြည့်၍ .....

" ဘာလေးပါလိမ့် "

ဟု တွေးပြီး လှမ်းယူကြည့်လိုက်ရာ အနီရောင် စက္ကူပေါ်တွင် အနက်ရောင်မင်ဖြင့် ဝိုင်းစက်စွာ ရေးထိုးထားသော အောက်ပါစာကို တွေ့ရလေ၏။

လူတိုင်း လူတိုင်းရဲ့ ဘဝမှာ နာကြည်း ကြေကွဲဖို့

ကောင်းတဲ့ နောက်ကြောင်းခံ ဇတ်လမ်းလေးတွေ

ရှိခဲ့ဖူးပါမှာပါ၊ သင့်ဘဝ ရဲ့ နာကြည်း ကြေကွဲခြင်းကို

အဆုံးသတ်ချင်တယ် ဆိုရင်တော့ သုဝဏ္ဏဘူမိ

နေပြည်တော်ဟောင်းရှိတဲ့ အရပ်မှာ နတ်သမီးကို

တွေ့လှည့်ပါ။

နောက်တစ်နေ့နံနက် ထမင်းဆိုင်ဖွင့်ချိန် နီးသောအခါ လူပုလေးနှင့် စားပွဲထိုးများသည် ဈေးဝယ်ရန် မောင်ပညာရောက်မလာသဖြင့် ပူညံပူညံ လုပ်ကာ မောင်ပညာ၏ အိမ်သို့ လိုက်ခဲ့လေ၏။ အိမ်သို့ ရောက်သောအခါ မောင်ပညာ၏ အိမ်တံခါးသည် ပိတ်ရက်သားရှိနေ၏။ အိမ်နံရံရှိ ကြွေးစာရင်းများ မှတ်လေ့ရှိသော သင်ပုန်းကြီးတွင်လည်း အောက်ပါစာကို တွေ့ရလေ၏။

" ချစ်လှစွာသော လူပုလေးနှင့်

ရွှေအိုး အဖွဲ့သားများ ခင်ဗျား .....

ခင်ဗျားတို့ ဒီစာကို ဖတ်နေချိန်မှာ ကျွန်တော်ဟာ အဝေးတစ်နေရာကို ရောက်ရှိနေပါပြီ၊ ကျွန်တော်ရုတ်တရက်ထွက်သွားရခြင်း အကြောင်းရင်းကတော့ သုဝဏ္ဏဘူမိနေပြည်တော်ဟောင်းက နတ်သမီး နဲ့ တွေ့ဖို့ပါ၊ နတ်သမီး နဲ့ ဘာကြောင့် တွေ့ရသလဲ ဆိုတော့ လူတိုင်း လူတိုင်း ရဲ့ ဘဝမှာ နာကြည်းကြေကွဲဖွယ်ကောင်းတဲ့ နောက်ကြောင်းခံ ဇာတ်လမ်းလေးတွေ ရှိစမြဲပဲ မဟုတ်ပါလားခင်ဗျာ ......"

**(မောင်ပညာ)**

ထိုနေ့မှ စ၍ လက်ပံတန်းဘူတာရုံအနီးရှိ လွန်စွာလူစည်ကားသော ထမင်းဆိုင်လေး၏ ပိုင်ရှင်ဖြစ်သူ မောင်ပညာသည် ပျောက်ခြင်းမလှ ပျောက်ဆုံးခဲ့ရ၏။ ထမင်းချက်လူပုလေး နှင့် ရွှေအိုးထမင်းဆိုင်၏ စားပွဲထိုးများသည်လည်း မကြာခဏ ဆိုသလိုပင် ၎င်းတို့၏ ပိုင်ရှင် မောင်ပညာတစ်ယောက် ပျောက်ဆုံးခဲ့ရခြင်း အကြောင်းကို ဒဏ္ဍာရီ တစ်ပုဒ်နှယ် ပြောဆိုနေလေတော့သတည်း ......။

♥ ♥ ♥

# နတ်သမီးကို တွေ့လှည့်ပါ

မြန်မာပြည်မြေလတ်ပိုင်း မြို့ကလေးတစ်မြို့၏ မြို့ပြင်ခြံကြီး တစ်ခြံတွင် မြန်မာ့ရိုးရာ ဗန်တိုဗန်ရှည်သိုင်းအတတ်ကို သင်ကြားပေးသော မောင်ရွှေသန်း ဟူသည့် သိုင်းဆရာယောက်ရှိလေ၏။ မောင်ရွှေသန်း၏ သိုင်းသင်တန်းကျောင်းသည် စည်းကမ်းကောင်းမွန်ခြင်း၊ အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးနိုင်ခြင်း၊ ဗန်တိုဗန်ရှည် အတတ်ကို အထူးကျွမ်းကျင်ခြင်းတို့ကြောင့် နွေရာသီ ကျောင်းပိတ်ရက်များတွင်သာမက ရာသီမရွေး သင်ကြားသူ တပည့်တပန်းများဖြင့် စည်ကားနေလေ၏။

မောင်ရွှေသန်းသည် ရုပ်ရည်အသင့်အတင့် ရှိသည့် လူငယ်တစ်ဦး ဖြစ်သော်လည်း အိမ်သူသက်ထား မရှိဘဲ တစ်ကိုယ်တည်း လူပျိုကြီးလုပ်၍ နေလေ၏။ ထို့ကြောင့်ပင် မောင်ရွှေသန်း၏ သင်တန်းကျောင်း၌ တပည့်တပန်းများသည် လွတ်လွတ်လပ်လပ် နေထိုင်နိုင်လေ၏။ အချို့သော တပည့်များသည် မောင်ရွှေသန်းအိမ်၌ ညအိပ်၍ ပင် တပျော်တပါး နေထိုင်လေတော့၏။ မောင်ရွှေသန်းအိမ်၌ ညအိပ်၍ ပင် တပျော်တပါး နေထိုင်လေတော့၏။ မောင်ရွှေသန်းသည် တစ်နေကုန် တပည့်တပန်းများအား ဗန်တိုဗန်ရှည် အတတ်ကို သင်ကြားပေးပြီးနောက် ညနေစောင်းသည်နှင့် လက်ရွေးစင် တပည့်များနှင့်အတူ တပျော်တပါး သိုင်းကစားလေ့ရှိ၏။

ထိုသို့ သိုင်းကစားသည့်အခါတိုင်း လက်ရွေးစင်တပည့်များသည် မောင်ရွှေသန်းကို တစ်ယောက်ပြီး တစ်ယောက် ဝင်ရောက်တိုက်ခိုက်လေ့ရှိ၏။ သို့သော် မည်သို့ပင် တိုက်ခိုက်စေကာမူ မောင်ရွှေသန်းကို အနိုင်ရအောင် မတိုက်ခိုက်နိုင်ကြပေ။

မောင်ရွှေသန်းသည် တပည့်များနှင့် တိုက်ခိုက်သည့် အခါတိုင်း ၎င်းတို့၏ အားနည်းချက်များကို သင်ကြားပြသပေးလေ့ရှိ၏။ ထို့ကြောင့်ပင်

မောင်ရွှေသန်း၏ တပည့်များသည် မောင်ရွှေသန်း၏ ပညာကို လွန်စွာအထင်ကြီး လေးစား၏။ အချို့သော တပည့်များကမူ မောင်ရွှေသန်းလို ဆရာမျိုး ဤဇမ္ဗူတွင် မရှိနိုင်ဟူ၍ ပင် မိုက်မဲစွာ ယုံကြည်ကြကုန်၏။

တစ်နေ့သ၌ မောင်ရွှေသန်းသည် တပည့်များနှင့် အတူ ပျော်ရွှင်စွာ သိုင်းလေ့ကျင့်ပြီးနောက် အနားယူရန် အိမ်လေးထဲသို့ ဝင်ခဲ့လေ၏။ အိမ်ထဲသို့ ရောက်သောအခါ ကိုယ်ပေါ်တွင် စိုရွှဲနေသော ချွေးစက်ချွေးပေါက်များကို မျက်နှာသုတ်ပဝါဖြင့် သုတ်လေ၏။ ထို့နောက် ရေချိုးရန် ခြံနောက်ဘက်ရှိ ရေတွင်းဆီသို့ ထွက်ခဲ့လေ၏။

ရေတွင်းဆီသို့ ရောက်သောအခါ သူ၏ တပည့်သုံးယောက်ခန့်သည် တစ်စုံတစ်ရာကို ဝိုင်းဝန်းကြည့်ရှုနေလေ၏။ ထိုအရာကို မောင်ရွှေသန်း ကြည့်လိုက်သောအခါ ရေတွင်းနံရံတွင် ရေးသားထားသော အောက်ပါစာကို တွေ့ရလေ၏။

လူတိုင်း လူတိုင်းရဲ့ ဘဝမှာ နာကြည်းကြေကွဲဖို့

ကောင်းတဲ့ နောက်ကြောင်းခံ ဇာတ်လမ်းလေးတွေ

ရှိခဲ့ဘူးမှာပါ၊ သင့်ဘဝရဲ့ နာကြည်းကြေကွဲခြင်းကို

အဆုံးသတ်ချင်တယ် ဆိုရင်တော့ သုဝဏ္ဏဘူမိ

နေပြည်တော်ဟောင်းရှိတဲ့ အရပ်မှာ နတ်သမီးကို

တွေ့လှည့်ပါ။

မောင်ရွှေသန်း၏ တပည့်များသည် စာကို တစ်ယောက်တစ်ပေါက်ဖက်၍

……

“ ခြံထဲကို ဘယ်ကအရူး ဝင်ပြီး ပေါက်ကရတွေ ရေးသွားလဲ မသိဘူး ”

ဟု ပြောဆိုလေ၏။ မောင်ရွှေသန်းမူ ရေတွင်းနံရံတွင်

ရေးသားထားသော အဓိပ္ပာယ်မဲ့စာများကို ဖတ်ရှု၍ ငူငူငိုင်ငိုင်ကြီး ကြည့်နေရှာ၏။ ထိုအခြင်းအရာကိုကြည့်၍ ၎င်း၏ တပည့်များက .....

" ဆရာ ဘာတွေ စဉ်းစားနေတာလဲ၊ သုဝဏ္ဏဘူမိ နေပြည်တော်မှာ နတ်သမီး နဲ့ တွေ့ချင်လို့လား "

ဟု နောက်ပြောင်လေ၏။ မောင်ရွှေသန်းသည် တပည့်များ၏ အမေးကို မဖြေသေးဘဲ အိမ်ကလေးထဲသို့ ဝင်ရောက်သွားလေတော့၏။

နောက်တစ်နေ့နံနက် မိုးစင်စင် လင်းသောအခါ မောင်ရွှေသန်း၏ တပည့်များသည် ပဲပြုတ်နှင့်ထမင်းကြော်ကို စားသောက်ရန် ၎င်းတို့၏ ဆရာကို ခေါ်ယူလေ၏။ သို့သော် မောင်ရွှေသန်း၏ အခန်းထဲတွင် မောင်ရွှေသန်းကို မတွေ့ရတော့ပါ။ အနီးပတ်ဝန်းကျင်တွင် ရှာဖွေကြည့်သော်လည်း မောင်ရွှေသန်း၏ အရိပ်အရောင်ကိုပင် မမြင်ရပေ။

အတန်ကြာသောအခါ တပည့်တစ်ဦးက ၎င်းတို့ ဆရာ၏ ခေါင်းအုံးအောက်တွင် ရေးသားထားသော စာတစ်စောင်ကို ယူလာပြလေ၏။ စာမှာ .....

" တပည့်တို့ရေ .....

ဆရာတော့ သုဝဏ္ဏဘူမိ နေပြည်တော်ဟောင်းမှာ နတ်သမီးနဲ့ တွေ့ဖို့ ခရီးထွက်သွားပြီ၊ တပည့်တို့ရဲ့ သင်တန်းကျောင်းလေးကို မပြီးဆုံးသေးခင် ပိတ်လိုက်ရသော ဆရာ့ကို ခွင့်လွှတ်ပါကွာ၊ တကယ်တော့ လူတိုင်း လူတိုင်းရဲ့ ဘဝမှာ နာကြည်းကြေကွဲဖွယ်ကောင်းတဲ့ နောက်ကြောင်းခံ ဇာတ်လမ်းလေးတွေ ရှိစမြဲပဲ မဟုတ်လားကွာ။ "

**(ဆရာ)**

ထိုနေ့မှ စ၍ ဗန်တိုဗန်ရှည် သိုင်းအတတ်ကို လွန်စွာထူးချွန်သော

သိုင်းဆရာလေး မောင်ရွှေသန်းသည် မြို့ကလေးမှ ထူးဆန်းစွာ
ပျောက်ဆုံးသွားလေတော့၏။ ဇမ္ဗူဒိတ်ကျွန်း၌ သိုင်းအတတ်တွင်
၎င်းတို့ဆရာသည်သာ အထူးချွန်ဆုံးဟု မိုက်မဲစွာ ယုံကြည်ကြသော
မောင်ရွှေသန်း၏ တပည့်များသည် ဝမ်းနည်းကြေကွဲစွာဖြင့် ကျန်ရစ်ခဲ့ရှာ၏။

♥ ♥ ♥